ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
Village Development Plan (VDP)
ကန်ပြောင်ကျေးရွာ၊ ကန်ပြောင်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ....................................................................................................၂

၂။ကန်ပြောင်အုပ်စုမြေပုံ ..........................................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ............................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ ...........................................................................................၄

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................၂၃

၈။ကျေးရွာကော်မတီဝင်များစာရင်း...........................................................................................၂၆


၉။ပုံစံ-၁။ကျေးရွာအချက်အလက်..............................................................................................၂၇

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ...........................................................................၃၀


၁၁။အစည်းအဝေးမှတ်တမ်းများ ...............................................................................................၃၃

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) .......................................၃၇

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကန်ပြောင်အုပ်စုမြေပုံ


ကန်ပြောင်ကျေးရွာအုပ်စု အညွှန်းပြမြေပုံ
ကျောက်တန်းမြို့
N
ရန်ကုန်တောင်ပိုင်းခရိုင်
ကျောက်တန်းမြို့နယ်
ကန်ပြောင်ကျေးရွာအုပ်စု
ကွင်းအညွှန်းပြပုံ
စကေး (၂)လက်မ (၁)မိုင်
ရေကျော်
သုံးခွမြို့နယ်
ကန်ပြောင်ကျေးရွာ
ပိလခတ်
ကျုံကန်
" ညွှန်ပြချက် "
ကျေးရွာအုပ်စုခြား
ကွင်းခြား
လမ်း
ကျေးရွာ
ကျေးရွာခွဲ
ချောင်း

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ကန်ပြောင်ကျေးရွာ

၂။ ပျဉ်းမကန်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကန်ပြောင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၇) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ ကန်ပြောင်ကျေးရွာကို ရှေးအခါက ကျောင်းရွာဟု ခေါ်တွင်ခဲ့ရာမှ လယ်သမားများ၏ စပါးများကို လမုချောင်းတဖက်ကမ်းတွင် စုပုံ၍ စပါးအဝယ်ဒိုင်များသို့ သမ္ဗာန်ကြီးများဖြင့် သယ်ယူသည့်အခါ ကမ်းနားမြေတလင်းမှာ သစ်ပင်များမပေါက်တော့ဘဲ ပြောင်ရှင်းနေသဖြင့် ကမ်းပြောင်ရွာဟု ခေါ်ဆိုခဲ့ရာမှ နှစ်ကာလများစွာ ရွေ့လျားလာသည့်အခါ ကမ်းပြောင်ရွာမှ ကန်ပြောင်ရွာဟု ပြောင်းလဲခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။ကျေးရွာ၏ သက်တမ်းမှာနှစ်ပေါင်း ၁၀၀ ကျော်ခန့်ကြာမြင့်သည်ဟု ဘုရားထဲတွင်ထားရှိသော မှတ်တမ်းမှတ်ရာများအရသိရှိရပါသည်။ ယခုအခါ လမုချောင်းသည် ရွာ၏အလယ်မှ ဖြတ်သန်းစီးဆင်းနေပြီး တမံဦး၊ကြာကန်၊ ကန်ပြောင်၊ ကျုံကန် တာဆက်လမ်းမကြီး၏ မြောက်ဘက်ဘေး တွင်တည်ရှိ နေပါသည်။ ကျေးရွာအမည်တွင်စဉ်ကအိမ်ထောင်စုအနည်းငယ်ဖြင့်ရွာစတင်တည်ခဲ့ပါသည်။ ယခုလက်ရှိတွင်အိမ်ထောင်စု ၆၇၅ အိမ်ထောင်စုနှင့်၊ လူဦးရေ ၂၇၈၉ ယောက်ထိ တိုးပွားလာခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေး နှင့် စက်ရုံကြီးများတွင် လစား လုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၆၅ | ၁၀၇ | ၉၂ | ၁၆၅ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၅ | ၀ | ၅ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ဆိုင်ကယ်ဂပ်ရော့ |
| | ဆိတ် | စျေးဆိုင် | |
| | | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၉၁၄ | ၃၈၉ | ၁၉ | မရှိ | -/၉ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၆ | ၂၀ | ၂ | ၉၊ ၁၀ | ၁၅၁ | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၄၀ | ၁၆ | - | - | ၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀၊ ၆၀ | ၂၀၀ | ၁၀ | ၃၀ | ၅၇ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၀ | ၁၂ | ၃၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆ | ၂၀ | ၂၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၅-၁၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၀ | ၁၅ | ၃၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၅-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၇ | ၁၄ | ၄၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၅-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၅ | ၃၀ | ၅၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၅-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆ | ၇ | ၁၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




## သုံးသပ်ချက်

ကန်ပြောင်အုပ်စု၊ ကန်ပြောင်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်နယ်မြေအဆုံးတွင် တည်ရှိပြီး အိမ်ထောင်စု ၆၇၅စုဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့်၊ စက်ရုံကြီးများတွင် လစားလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာ ၏ကျန်းမာရေးအခက်အခဲများတွင် ကျေးရွာကျန်းမာရေးဌာနခွဲတွင်ဆေးကုသခံယူ၍ အရေးပေါ်ကျန်းမာရေး အခက်အခဲများတွင် ကျောက်တန်းနှင့်သန်လျင်သို့သွားရောက်၍ဆေးကုသခံယူရပါသည်။ကျေးရွာ၏လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူရွာသား များအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

ကျေးရွာအတွင်း အရှေ့ဘုန်းတော်ကြီးကျောင်း၊ အနောက်ဘုန်းတော်ကြီးကျောင်းနှင့် မြောက်ဘုန်းတော်ကြီးကျောင်းဟု ၃ ကျောင်းရှိပါသည်။ အနောက်ဘုန်းတော်ကြီးကျောင်းသို့သွားသောလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းဘက်တွင် သံဃာတော်များဆွမ်းခံထွက်ရာတွင်လည်း ရွှံ့တော၊ ဗွက်တောထဲသို့သွား၍ ဆွမ်းခံထွက်ရပါသည်။ ပညာရေးတွင် အလယ်တန်းကျောင်းခွဲ ရှိပါသည်။ အုပ်ချုပ်ရေးမှူး ရုံးလဲရှိပါသည်။ ကျန်းမာရေးတွင်လည်း ကျေးလက်ဆေးပေးခန်းရှိ၍ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ ကလေးမီးဖွားရာတွင် အဆောက်အဦးမရှိသောကြောင့် သားဖွားဆောင် လည်းလိုအပ်ပါသည်။ သောက်သုံးရေ အတွက် ရေကန် ၉ ကန်နှင့် စက်ရေတွင်း ၃ တွင်းရှိပါသည်။ ရေကန်များတရှိန္နစ်များဝင်ရောက်မှုမရှိစေရန်အတွက် ရေကန်ခြံစည်းရိုး လိုအပ်ပါသည်။ ကျေးရွာ၏ အလယ်တွင် ချောင်းရှိသောကြောင့် ကူးရန်အတွက် ရွာလယ်တံတားလည်းရှိပါသည်။ သုသာန်သည် ကျေးရွာ၏ အနောက်ဘက်တွင်တည်ရှိပါသည်။ လယ်များသည် ကျေးရွာ၏ပတ်ပတ်လည်တွင်တည်ရှိနေပါသည်။ ပထမနှစ်စက်ဝန်းတွင် မြောက်ပိုင်း၊အနောက်ပိုင်းရေကန်ခြံစည်းခတ်ခြင်းလုပ်ငန်း၊ တောင်ပိုင်းလမ်းနှင့် အရှေ့ပိုင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အရှေ့ပိုင်းလမ်းရေမြွန်ပြုလုပ်ခြင်းလုပ်ငန်း တို့ကိုဆောင်ရွက်ပြီးစီးခဲ့ပ်သည်။ ဒုတိယနှစ်စက်ဝန်းတွင်လည်း တောင်ပိုင်း၊ အနောက်ပိုင်း ၊ မြောက်ပိုင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်း၊ အရှေ့ပိုင်းသောက်ရေကန်အား ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုဇယား

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အိမ်-တိုက်အိမ်/လယ်-၁၀ဧက အထက်/ကား/ထွန်စက်/[illegible]/ဂိုက်သိမ်းချွေလှေ့စက်/လက်တွန်းထွန်စက်/ဆိုင်ကယ်/ချွေလှေ့စက်/စိုက်ပျိုးရေး | ၁၃၉ | ၂၇% |
| အလယ်အလတ် | အိမ်-ပျဉ်ထောင်/သွပ်မိုး/လယ်-၅ဧက/လက်တွန်းထွန်စက်/ဆိုင်ကယ်/စက်ဘီး/စိုက်ပျိုးရေး/[illegible] | ၂၉၆ | ၄၁% |
| နွမ်းပါး | အိမ်-ဓနိမိုး/ထရံကာ/စက်ဘီး/ဆိုင်ကယ် | ၂၄၀ | ၃၂% |
| စုစုပေါင်း | | ၆၇၉ | ၁၀၀% |


## သုံးသပ်ချက်


ကန်ပြောင်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၀ ဧကအထက်၊ ကား၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လယ်တွန်းထွန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၁၇၉)စုနှင့် ရာခိုင်နှုန်းမှာ(၂၇%)ရှိပြီး၊ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊ သွပ်မိုးအိမ်၊ လယ်-၅ဧက၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသော အိမ်ထောင်စုမှာ (၂၇၆) စုနှင့် ရာခိုင်နှုန်းမှာ (၄၁%) နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊ စက်ဘီး၊ ဆိုင်ကယ်တို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ (၂၂၀)စု ရာခိုင်နှုန်းမှာ (၃၁%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျေးရွာသို့ လူထုဗဟိုပြုစီမံကိန်း ရောက်ရှိလာခြင်းကြောင့် နွမ်းပါးသူများ အလုပ်အကိုင်အခွင့်လမ်းများရရှိလာကာ စားဝတ်နေရေးပြေလည်၍ ကျောင်းသူ/ ကျောင်းသားများ၏ ပညာရေးတွင် အထောက်အကူ ရရှိလာသဖြင့် ပညာတတ်များ ပေါ်များလာနိုင်မည်ဖြစ်သည်။

## ၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း ။




ကျား
မ
ကျား + မ
ကား
အပ်ချုပ်စက်
လယ်

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ပဲခွံစက်၊ ထွန်စက်/ရိတ်စက်၊ ဘောလုံး/ ခြင်းလုံး၊ ဆိုင်ကယ်/စက်ဘီး နှင့် ကားစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ရေတွင်း /ရေကန်၊ လယ်၊ အိမ်၊ ခြံဝင်း၊ ဘုန်းတော်ကြီးကျောင်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ကား၊ ဘောလုံး/ခြင်းလုံး၊ ပဲခွံစက်၊ ထွန်စက်၊ ရိတ်စက်၊ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ စက်ဘီး/ဆိုင်ကယ် ၊ ရေတွင်း/ရေကန်၊ လယ်နှင့် အိမ်ခြံဝင်းတို့ကို အသုံးပြုကြပါသည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု** -တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသိုလ်၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** -နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** -မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ် တို့ကို မွေးမြူကြပါသည်။

**ကျန်းမာရေး** -ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ ရှိပါသည်။


**လမ်းပန်းဆက်သွယ်ရေး -** အချို့နေရာများတွင်မိုးရာသီ၌သွားလာရာခက်ခဲသောနေရာများရှိနေပါသည်။

**အလုပ်သမားရှားပါးမှု -** လယ်ယာစိုက်ပျိုးချိန် မိုးရာသီတွင်လုပ်သားများရှိသော်လည်း၊ ရိတ်သိမ်းခြွေလှေ့ ချိန်တွင် ပွင့်လင်းရာသီဖြစ်သောကြောင့် ကုမ္ပဏီဆိုက်များ၊ အထည်ချုပ်စက်ရုံများမှာ အလုပ်လုပ်ကြသဖြင့် လုပ်သားရှားပါးမှုနှင့်ကြုံတွေ့ရပါသည်။

**ပွဲတော်များ** - တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** - သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊တပို့တွဲလများတွင် ရာသီသီးနှံပေါ် ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

## ၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ချက်** -ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** -ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**ကျန်းမာရေးလက်မလမ်းမှီမှု** - အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးအသိပညာ ပိုမိုသိရှိသည်ကိုတွေ့ရှိရပါသည်။

**လုံခြုံမှု** - အမျိုးသားသည် အမျိုးသမီးများထက် လုံခြုံမှုတွင် အပြည့်အဝရှိသည်ကိုလည်း တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** - အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလဲ တွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** - ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင်အခွင်အလမ်းမှာခြားနားမှုမှာ အနည်းငယ်သာရှိပါသည်။

**ပညာရေးပါဝင်မှု** - အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**အဖွဲ့အစည်းမျးတွင်ပါဝင်ခြင်း** - အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူပူးပေါင်းပါဂင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

## ၆။ ဗင်းပုံစံသုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျောင်းကော်မတီ၊ ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြှင့်မားအောင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ ကျေးရွာလူထု ဂေါပကအဖွဲ့ ဝတ်ရွတ်အသင်း၊ ပဌာန်းအသင်းတို့သည် ကျေးရွာဘာသာရေး

၊သာသနာရေး ရေရှည်တည်တံ့ရန် ဆောင်ရွက်ကြပါသည်။ တောင်သူလယ်သမားအသင်းသည် တောင်သူလယ်သမားဦးစီးများအတွက် စိုက်ပျိုးလည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်နေပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း များကိုဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ သမဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊ ကျန်းမာရေးဌာန၊ကျေးလက်ဖွံ့ ဖြိုးရေးဌာန၊ ပညာရေးဌာနများသည်လည်း၊ ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်းနှင့်စီမံကိန်း လုပ်ငန်းများအားဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၆.၁၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ် ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျားမ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ




အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ရွေးချယ်ထားသောလုပ်ငန်းခွဲမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



**လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ**

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်အုံး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဥမ္မာဂင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဂင်းရွှေကြီး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ကေသီခိုင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးညွန့်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဦးဘဂျာငွေး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဒေါ်မြင့်ကြည် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးဆန်းမြင့်ဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်တင်ရီ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးလှကြွေ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်အေးဝင်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးအေးဇော် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ဇင်မာ | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဦးလွှမ်းမိုးအောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| | | | |
| | | | |

စုစုပေါင်း။ (၁၄) ယောက်ကျား-၈ ယောက် +မ-၆ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်ဥမ္မာဂင်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးမောင်အုံး ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ
၃။ဒေါ်ကေသွယ်ဦး ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၄။ဦးခင်ဂင်း ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဂေဂေလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးရွှေလွင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 094500574122 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဝေဝေလှိုင် |
| မြည်နယ်၊တိုင်းဒေသကြီး ရခိုင် မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ကန်ပြောင် | ကျေးရွာ ကန်ပြောင် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၆၇၅ | ဘာသာ (၁) -ဗုဒ္ဓ----- | ၆၇၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈၀ | | |
| စစ်ဘေးရှောင် | ၀ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၄၁၁ | ၁၃၂၈ |
| လူမျိုးစု (၁)---ဗမာ--- | ၁၄၁၁ | ၁၃၂၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၉၇ | ၇၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်----/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]-----------------

(၂) ---------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမျိုးလွင်

လက်မှတ် နေ့စွဲ ၁၀.၁၀.၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဖြူဖြူလှိုင်

လက်မှတ် နေ့စွဲ ၁၀.၁၀.၁၇

## ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝေဝေလှိုင် | |
| နေ့စွဲ 7. 11 .017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း ကျေးရွာအုပ်စု ကန်ပြောင် ကျေးရွာ ကန်ပြောင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေတွင်းရေကန်သန့်ရှင်းမှုမရှိခြင်းအခက်အခဲ | ၁ | ရေကန်များသန့်ရှင်းမှုမရှိခြင်းအခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၂ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၃ | မူကြိုကျောင်းအခက်အခဲ | ၃ | စာသင်ကျောင်းအခန်းအခက်အခဲ |
| ၄ | ပညာရေးဗဟုသုတအခက်အခဲ | ၄ | အားကစားကွင်းအခက်အခဲ |
| ၅ | အားကစားကွင်းအခက်အခဲ | ၅ | ပညာရေးဗဟုသုတအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေသန့်ရှင်းလာစေရမည် | ၁ | သောက်သုံးရေသန့်ရှင်းလာစေရမည် |
| ၂ | လမ်းများကောင်းမွန်လာစေရမည်။ | ၂ | လမ်းများကောင်းမွန်လာစေရမည်။ |
| ၃ | မူကြိုကျောင်းဖြစ်ပေါ်လာစေရမည်။ | ၃ | စာသင်ကျောင်းအခန်းများကျယ်ဝန်းလာရမည် |
| ၄ | ဗဟုသုတများရရှိလာစေရမည်။ | ၄ | အားကစားကွင်းရရှိလာစေရမည်။ |
| ၅ | အားကစားကွင်းရရှိလာစေရမည် | ၅ | ဗဟုသုတများရရှိလာစေရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | အရှေ့ပိုင်းရေကန်ဖြည့်တည်း ရိုးဆို့ခြင်း | က+မ | ၅၀၀၀၀၀၀ | ၂၇၈၉ |
| ၂ | အနောက်ပိုင်းရေကန်လယ်အင်းခြင်း | က+မ | ၅၀၀၀၀၀၀ | ၂၇၈၉ |
| ၃ | မြောက်ပိုင်းအရှေ့ထိပ်လမ်းခင်းခြင်း | က+မ | ၄၀၀၀၀၀၀ | ၂၇၈၉ |
| ၄ | အရှေ့ပိုင်းရေကန်လယ်အင်းခြင်း | က+မ | ၃၀၀၀၀၀၀ | ၂၇၈၉ |
| ၅ | ကျိုး၊ သာယာကျောင်းလမ်း | က | ၃၀၀၀၀၀၀ | ၂၇၈၉ |

| | အမျိုးသားအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | | အမျိုးသမီးအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ |
|---|---|---|---|
| ၁။ | သောက်သုံးရေကန် သန့်ရှင်းမှုမရှိသည့်အခက်အခဲ ။ | ၁။ | ကျေးရွာတွင်းရေးသုံးစွဲမှု ခက်ခဲခြင်း ။ |
| ၂။ | ပညာရေး ဆိုင်ရာအဆောက်အအုံ ခက်ခဲခြင်း ။ | ၂။ | ကျေးရွာတွင်း စာပေ ပဟုသုတ ခက်ခဲခြင်း ။ |
| ၃ | ကလေးငယ်များ မူကြိုကျောင်း သင်ကြားရာတွင် ခက်ခဲခြင်း ။ | ၃။ | သောက်သုံးရေကန်ခြံစည်းရိုး / သန့်ရှင်းမှု ခက်ခဲခြင်း ။ |
| ၄။ | | | |

| | အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁။ | ပျက်စီးနေသော ရေကန်ခြံစည်းရိုးများကောင်းမွန်လာစေရန် ။ | ၁။ | ကျေးရွာတွင်းစက်ရေတွင်းအသစ်များရရှိလာစေရန် ။ |
| ၂။ | စာသင်ကျောင်းတွင်ပျက်စီးနေသောကြမ်းခင်းများကောင်းမွန်လာစေရန် ။ | ၂။ | ကျေးရွာတွင်း စာကြည့်တိုက်အသစ် ရရှိလာစေရန် ။ |
| ၃။ | ကလေးငယ်များ မူကြိုကျောင်းအသစ်ရရှိလာစေရန် ။ | ၃။ | ရေကန် ခြံစည်းရိုးများ အသစ်ရရှိလာစေရန် ။ |

| အဆင့် | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ | အဆိုပြုသူ(အမျိုးသား/အမျိုးသမီး/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် |
|---|---|---|---|---|
| ၆။ | အနောက်ပိုင်းလမ်းတိုးချဲ့ခြင်း | ကျ+မ | ၃၀၀၀၀၀၀ | ၂၇၈၉ |
| ၇။ | တောင်ပိုင်းရေကန်ခြံစည်းရိုး | ကျ+မ | ၄၀၀၀၀၀၀ | ၂၇၈၉ |
| ၈။ | စာသင်ကျောင်းကြမ်းခင်းပြုပြင်ခြင်း | ကျ+မ | ၃၀၀၀၀၀၀ | ၂၇၈၉ |
| ၉။ | တောင်ပိုင်းအသင်လမ်းတိုးချဲ့ခြင်း | ကျ+မ | ၈၀၀၀၀၀၀ | ၂၇၈၉ |
| ၁၀။ | စာသင်ကျောင်းသို့သွားသောလမ်း | ကျ+မ | ၄၀၀၀၀၀၀ | ၂၇၈၉ |
| ၁၁။ | မြောက်ပိုင်းလမ်းတိုးချဲ့ | ကျ+မ | ၃၅၀၀၀၀၀ | ၂၇၈၉ |
| ၁၂။ | မြောက်ပိုင်းရေကန်ခြံစည်းရိုး | ကျ+မ | ၅၀၀၀၀၀၀ | ၂၇၈၉ |
| ၁၃။ | မူကြိုကျောင်း | ကျ+မ | ၁၀၀၀၀၀၀၀ | ၂၇၈၉ |
| ၁၄။ | မြောက်ပိုင်းမှတ်စင်ကန်လမ်း | ကျ+မ | ၂၀၀၀၀၀၀ | ၂၇၈၉ |
| ၁၅။ | စာသင်ကျောင်းမှအရှေ့သို့သွားသောလမ်း | ကျ+မ | ၄၀၀၀၀၀၀ | ၂၇၈၉ |
| ၁၆။ | တောင်ပိုင်းလမ်းအနောက်သို့ | ကျ+မ | ၃၅၀၀၀၀၀ | ၂၇၈၉ |
| ၁၇။ | မြောက်ပိုင်းလမ်းကြားတာဆက် | ကျ+မ | ၄၅၀၀၀၀၀ | ၂၇၈၉ |

| ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ | အကျိုးခံစားရသူ (အမျိုးသား/ အမျိုးသမီး/ အမျိုးသား +အမျိုးသမီး) | ခန့်မှန်းကုန် ကျစရိတ် | အကျိုးခံစား ခွင့်ရှိသူခန့်မှန်း |
|---|---|---|---|
| ၈။ ရွာတွင်းလမ်းများ တိုးချဲ့ခြင်း | က+မ | ၈၀၀၀၀၀၀ | ၂၇၈၉ |
| ၁၉။ စာသင်ကျောင်း အမိုးလဲခြင်း | က+မ | ၂၅၀၀၀၀၀ | ၂၇၈၉ |
| ၂၀။ အားကစားကွင်း | က+မ | ၅၀၀၀၀၀၀ | ၂၇၈၉ |
| ၂၁။ တောင်ပိုင်းစက်ရေတွင်း | က | ၃၀၀၀၀၀၀ | ၂၇၈၉ |
| ၂၂။ စာကြည့်တိုက် | က+မ | ၃၅၀၀၀၀ | ၂၇၈၉ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | မြောက်ပိုင်းအရှေ့ထိပ်ပလပ်စတစ်မဖို၊ | အမျိုးသမီး၊ | ဖိုးလှိုင်ရှေ၊ |
| ၂။ | စက်ချုပ်သင်တန်း၊ | အမျိုးသမီး၊ | |
| ၃။ | ဆိုင်ကယ်စက်ပြင်သင်တန်း၊ | အမျိုးသား၊ | |
| ၄။ | စိုက်ပျိုးရေး၊နည်း၊ပညာသင်တန်း၊ | အမျိုးသား၊ | |
| ၅။ | စက်မှု/လက်မှုအရင်းအနှီးနှင့်နည်းပညာအထောက်အပံ့ | အမျိုးသား/သမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-ဦးမောင်အုန်း---------- လက်မှတ်---------------------------- နေ့စွဲ-7.11.17-------------------------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း၊ | ☑မ ☐ကျား | | |
| | ၂ | ဆိုင်ကယ်စက်ပြင် သင်တန်း၊ | ☐မ ☑ကျား | | |
| | ၃ | စိုက်ပျိုးရေးနည်းပညာ သင်တန်း၊ | ☐မ ☑ကျား | | |
| | ၄ | စက်မှုလက်မှုအခြေခံ အသိနှင့်ကျွမ်းကျင်မှု ပညာသင်တန်း၊ | ☑မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အငြိမ်း | ၁ | ကြောက်ကိုင်းအာရှ တိုင်းလမ်းညွှန်စာမှ | ☑ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | အရှေ့ကျောင်းတိုက် |
| ပြုလုပ်သည့်နေ့ရက် | ။ | ၇.၁၁.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁၀:၀၀ မှ |
| ကျေးရွာအုပ်စုအမည် | ။ | ကန်ပြောင် |
| မြို့နယ်အမည် | ။ | ကျောက်တန်း |

---

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ ။ ကျေးရွာပထမအကြိမ်၊ ဒုတိယအကြိမ်အစည်းအဝေး (ဒုတိယအဆင့်ဆက်လက်)

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား ( ၁၅၃ ) ဦး + မ (၁၈၂ ) ဦး

စုစုပေါင်း ( ၃၃၅ )

ဆွေးနွေးချက်(၁) ။ ။ လူထုစည်းရုံးရေးမှူး ဒေါ်ဝေဝေလှိုင် သည်ကျေးရွာသူ/သားများအား စီမံကိန်း၏ရည်ရွယ်ချက်၊ မိတ်ဆက် (၁၅) ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက်စီမံကိန်းလက်ထဲ့အဆိုင်း(၆) ဆိုင်း၊ အဆင့် (၁၄) ဆင့် အားအသေးစိတ်၊ ရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်း ကွင်းအစီကတာဝန်ရှိသူများနှင့် ၎င်းတို့၏တာဝန် ဝတ္တရားများကို အစည်းအဝေးတက်ရောက်သူ ကျေးရွာလူထုအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းရွေးရာအား ပထမအကြိမ် လက်ရှိတွင်ရွေးချယ်တင်မြှောက်ခဲ့သူ

ဆွေးနွေးချက်(၁)။ ။ဦးအေးကော်ဒင့် ဒေါ်စင်မာ တို့အား ကျေးရွာလူထုမှ ဒုတိယနှစ်ဆက်တိုး အတွက် ပြန်လည်တာဝန်ထမ်းဆောင်ရန် သဘောတူညီကြပြီး ကာယကံရှင်များမှလည်း ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူညီကြသဖြင့် ပြန်လည်ရွေးချယ်ခြင်း မရှိဘဲ ပထမနှစ်အတိုင်း အတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက်(၂)။ ။ကျေးရွာမှအစည်းအဝေးတက်ရောက်သူများအား အဖွဲ့များ ခွဲဝေ၍ လူမှုဆိုင်းစစ်ခြင်း(မြှင့်)ခု အားပြုလုပ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။ ။ကျေးရွာထောက်ပံ့ဝန်ထမ်းအား ပထမနှစ် စက်တင်၊ တွင်ရွေးချယ်တင်မြှောက်ခဲ့သူ(၂)ဦးအား ပြန်လည်တာဝန်ပေးရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

အစည်းအဝေးကို (၂၂း၁၅) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ကေသွယ်ဦး
နုပ်စုတာရင်းကိုင်

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ အလျှိုကျောင်းတိုက်

ပြုလုပ်သည့်နေ့ရက် ။ ၇.၁၁.၂၀၁၇

ပြုလုပ်သည့်အချိန် ။ ၁၂:၃၀

ကျေးရွာအုပ်စုအမည် ။ ကန်ပြောင်

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ။ ~ ဒုတိယအကြိမ်မြောက်ကျေးရွာအစည်းအဝေး (ဒုတိယအကြိမ်ဆက်ဝိုင်း)

အစည်းအဝေးတက်ရောက်သူဦးရေ ။ ~ ကျား (၁၅၃) ဦး၊ မ [illegible] ဦး၊ စုစုပေါင်း (၃၃၅) ဦး

ဆွေးနွေးချက် (က) ~ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များရွေးချယ်ဖော်ထုတ်နိုင်ရန် အစည်းအဝေးတက်ရောက်သူကျေးရွာလူထုများအား အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ အဖွဲ့ခွဲ၍ အခက်အခဲအဟာအသီးများ၊ မျှော်မှန်းချက်များကိုဖော်ထုတ်စေခဲ့ပါသည်။ ၎င်းတို့ကိုအခြေခံ၍ ကျေးရွာဖွံ့အမှန်တကယ်လိုအပ်နေသော လုပ်ငန်းခွဲများကိုဆက်လက်ဖော်ထုတ်ခဲ့ပါသည်။ ထွက်ပေါ်လာသော လုပ်ငန်းခွဲ (၂၃) ခုအား ကျေးရွာလူထုမှ မဲစနစ်ဖြင့် မဲပေး၍ ဦးစားပေးအလိုက်ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်ဆောင်ရွက်ထားသော လုပ်ငန်းများ

ဆွေးနွေးချက်။ ။ ပုံစံ-၈ (၃) တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

ဆွေးနွေးချက်(၂)။ ။ ကျေးရွာစီမံခန့်ခွဲမှုကော်မတီအား ဖြန့်ဝေသည့် ရွေးချယ်ရာ အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုမှ ပထမဆုံးစက်ဝန်းတွင် ဖြန့်ဝေသည့် တာဝန်ထမ်းဆောင်ရန် သဘောတူ ဆန္ဒပြုကြပါသည်။ ကျေးရွာစာရင်းကိုင်အဖြစ် တာဝန်ထမ်းဆောင်သူ ဦးဝင်းဖေမှ မိမိ၏စီးပွားရေး လုပ်ငန်းကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသဖြင့် ၎င်းနေရာအား ဖြန့်ဝေသည့်ရွေးချယ်ခဲ့ပါသည်။ ဦးထွန်းမိုးအောင် အား မဲခုနစ်ဖြင့် (၃) ဦး အဆိုပြုရွေးချယ်ခဲ့ပါသည်၊ မဲအများဆုံးဖြင့် ကျေးရွာစာရင်းကိုင် တာဝန်ကို ဦးထွန်းမိုးအောင်မှ တာဝန်ယူခဲ့ပါသည်။
အခြားကော်မတီအဖွဲ့ဝင်များမှာ ဒုတိယသုံးစက်ဝန်းတွင် ဖြန့်သည့်တာဝန် ထမ်းဆောင်ရန် သဘောတူ ဆန္ဒပြုကြပါသည်။ ကော်မတီအဖွဲ့ဝင်တစ်ဦးချင်းကလည်း တာဝန်ထမ်းဆောင်ရန် သဘောတူကြပါသည်။

ဆုံးဖြတ်ချက်။ (၁)။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို မဲရလဒ်အရ ဦးစားပေး အစဉ်အတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။

ဆုံးဖြတ်ချက်။

(၂)။ ကျေးရွာစီမံခန့်ခွဲမှုကော်မတီများမှ
ကျေးရွာစာရင်းကိုင်တစ်ဦး ပြန်လည်
ရွေးချယ်ခဲ့ပြီး အခြားကော်မတီဝင်
များမှာ ပထမသက်တမ်းတွင် တာဝန်
ထမ်းဆောင်ခဲ့သူများအား ပြန်လည်
တာဝန်ပေးအပ်မည်ဟု သဘောတူ
ဆုံးဖြတ်ခဲ့ကြပါသည်။

အစည်းအဝေးကို မွန်းလွဲ ( ၃ဝ : ၄ဝ ) နာရီတွင်ရုပ်သိမ်းခဲ့ပါ
သည်။

မှတ်တမ်းတင်သူ

ဒေါ်ကေသွယ်ဦး

အုပ်စုစာရင်းကိုင်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- ○ PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။